အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ)
NATIONAL LEAGUE FOR DEMOCRACY (Liberated Area)

စာအမှတ် ၀၀၁/၀၉ /မေ
နေ့စွဲ ။ ။ ၂၀၀၉ခုနှစ်၊မေလ၊၁၀ရက်

# အဖွဲ့ချုပ်ဗဟိုနှင့် အဖွဲ့ချုပ်နိုင်ငံတကာဌာနခွဲများပူးတွဲကြေငြာချက်။

မိမိတို့၏ မိခင်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကြီးသည် ပြည်သူလူထု တရပ်လုံးမျှော်မှန်းထားသည့်အတိုင်း ဒီမိုကရေစီနိုင်ငံတော်အဖြစ်တည်ဆောက်သွားရေးကိုကြိုးပမ်းရာတွင် လက်ငင်းကြုံတွေ့နေရသော နိုင်ငံရေးအကြပ်အတည်းများအားလုံးကို ဖြေရှင်းနိုင်ရေးရည်ရွယ်လျက် အဖွဲ့ချုပ်ဗဟို အလုပ်အမှုဆောင်အဖွဲ့၊ ပြည်နယ်–တိုင်းစည်းရုံးရေးအဖွဲ့ဝင်များ၊ အဖွဲ့ချုပ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အဖွဲ့ချုပ်လူငယ်ကိုယ်စားလှယ်များ၊ အဖွဲ့ချုပ် အမျိုးသမီးကိုယ်စားလှယ်များ သည် ရန်ကုန်မြို့၊ အနောက်ရွှေဂုံတိုင်လမ်းရှိ အဖွဲ့ချုပ် အစည်းအဝေးခမ်းမ၌ ၂၀၀၉ ခုနှစ် ဧပြီလ (၂၇–၂၈–၂၉ ) နေ့များတွင် လက်ရှိနိုင်ငံရေး စည်းရုံးရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့်ပတ်သက်၍ အောင်မြင်စွာ တွေ့ဆုံဆွေးနွေးညှိနှိုင်းခဲ့ကြပြီး ဆုံးဖြတ်ချက်(၅) ရပ်ကို သဘောတူချမှတ်နိုင်ခဲ့ကြောင်း သိရှိရပါသည်။ ၎င်းဆုံးဖြတ်ချက်များကို အကျဉ်းအားဖြင့် ဖော်ပြမည်ဆိုပါက

ဆုံးဖြတ်ချက် ၁။ စီအီးစီ မှတင်ပြသော စာတမ်း (၃ )စောင်အား အတည်ပြုခြင်း။

ဆုံးဖြတ်ချက် ၂။အဖွဲ့ချုပ်၏ လက်ရှိရပ်တည်ချက်(၄) ရပ်ကိုအခြေခံ၍ တင်ပြထားသော နိုင်ငံရေးရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရေး ဆက်လက်ကြိုးပမ်းရန်။

ဆုံးဖြတ်ချက် ၃။ တွေ့ဆုံဆွေးနွေးရေး အမြန်ဆုံးဖြစ်မြောက်ရေးအတွက်ဆက်လက်ကြိုးပမ်းသွားရန်။

ဆုံးဖြတ်ချက် ၄။ အဖွဲ့ချုပ်စည်းရုံးရေးလုပ်ငန်းများ အရှိန်မြှင့်ဆောင်ရွက်ရန်။

ဆုံးဖြတ်ချက် ၅။ နောင်လာမည့် ရွေးကောက်ပွဲကိုပါဝင်ယှဉ်ပြိုင်မည့် ကိစ္စ ကိုနိုင်ငံရေးအစီရင်ခံစာတွင်ဖော်ပြထားသည့်အတိုင်း ဆက်လက်ဆောင်ရွက်သွားရန် သဘောတူသည် ဟူ၍ဖြစ်ပါသည်။ ၎င်းအပြင် အထက်ပါသဘောထားကိုပေါ်လွင်ထင်ရှားစေနိုင်ရန်နှင့် ပြည်သူတရပ်လုံးသို့အသိပေးနိုင်ရန် ရွှေဂုံတိုင် ကြေငြာစာတမ်းအား ထုတ်ပြန်ကြေငြာခဲ့ကြောင်း သိရှိခဲ့ရပါသည်။

အဆိုပါ ဆုံးဖြတ်ချက်(၅)ရပ်အပါအဝင် ရွှေဂုံတိုင် ထုတ်ပြန်ကြေငြာချက်များနှင့်ပတ်သက်၍ မိမိတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) ဗဟိုဌာနချုပ်နှင့်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ ) နိုင်ငံတကာဌာနခွဲ အသီးသီးမှ ၂၀၀၉ခုနှစ် ခုနှစ်မေလ (၃ ) ရက်နေ့တွင် အွန်လိုင်းအစည်းအဝေးတရပ် ကျင်းပ ပြုလုပ်ခဲ့ပြီး သဘောထားတရပ်ချမှတ်၍ မိမိတို့၏သဘောထားကိုနိုင်ငံတကာရှိ အဖွဲ့ချုပ်အဖွဲ့ဝင်များ၊ ဒီမိုကရေစီအင်အားစုများ၊ တိုင်းရင်းသားများ၊ နိုင်ငံတကာရောက် မြန်မာပြည်သူများ သိရှိနိုင်ရန် အသိပေးအကြောင်းကြားတင်ပြအပ်ပါသည်။

မိခင် အဖွဲ့ချုပ်ကြီး၏ အထူးအစည်းအဝေးသည် တိုင်းပြည်၏ အရေးကြီးသောအချိန်တွင် ကျင်းပပြုလုပ်၍ သဘောထားများ ဆုံးဖြတ်ချက်များကို ညီညွတ်စွာချမှတ် နိုင်သောကြောင့်၊ မိမိတို့အဖွဲ့ချုပ် လွတ်မြောက်နယ်မြေ ဗဟိုဌာနချုပ်နှင့် ဌာနခွဲအသီးသီးတို့မှ ဝမ်းမြောက်ဝမ်းသာစွာဖြင့် အထူးလေးစားဂုဏ်ယူပါသည်။ အဖွဲ့ချုပ်၏ ရပ်တည်ချက်ဖြစ်သည့် ဦးတင်ဦး ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများအားလုံးပြန်လည်လွတ်မြောက်ရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြန်လည်ပြင်ဆင်ရေး၊ စည်းရုံးရေး၊ ၁၉၉၀ ပြည့်နှစ်ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်ပြုရေး၊ တွေ့ဆုံဆွေးနွေးရေးများနှင့်ပတ်သက်သောရပ်တည်ချက်သည် လက်ရှိနိုင်ငံရေး၏ အဓိကကျသော ၊ မဖြစ်မနေ ဖြေရှင်းအပ်သော ကိစ္စရပ်များဖြစ်ပြီး ပြည်တွင်းအဖွဲ့ချုပ်အနေဖြင့် ပြည်သူလူထုတရပ်လုံး၏အကျိုးကိုရှေးရှု၍ နအဖ စစ်အစိုးရအား သဘောထားကြီးစွာဖြင့်လက်ကမ်းလျက်ရှိကြောင်း အထင်အရှားတွေ့ရှိနိုင်ပါသည်။ ထို့ကြောင့် အဖွဲ့ချုပ်စတင်တည်ထောင်သည့် အချိန်မှစ၍ ယနေ့ထက်တိုင် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းများအရ ဖြေရှင်းရန် ကြိုးစားနေသည်ကို တွေ့ရှိနိုင်ပါသည်။ နဝတ–နအဖ စစ်အစိုးရ အနေဖြင့် ပြည်တွင်းရှိ အတိုက်အခံအင်အားစုများအပေါ်၌ နှစ်ပေါင်းများစွာကြာမြင့်သည့်တိုင်အောင် ဥပဒေမဲ့ နိုင်ထက်စီးနင်းအနိုင်ကျင့် ရိုက်နှက်၊ နှိပ်စက် ဖမ်းဆီး အကျဉ်းချ သတ်ဖြတ်နေသည်ကိုလည်း ကောင်းစွာ သတိပြုမိ ပါသည်။ တနိုင်ငံလုံးရှိ တိုင်းရင်းသားများဒီမိုကရေစီ အင်အားစုများ၊ ကျောင်းသားပြည်သူရဟန်းရှင်လူများပါမကျန် အဆုံးစွန်ဖိနှိပ်၍ နိုင်ငံတကာမျက်နှာစာတွင် စစ်အာဏာရှင်များအနေဖြင့် တရားဝင်ဆက်လက်အုပ်ချုပ်ပိုင်ခွင့် ရရန် အပြင်းအထန်ကြိုးစားနေသည်ကိုလည်း မျက်ဝါးထင်ထင် တွေ့မြင်နေရပါသည်။ မိမိတို့အနေဖြင့် နိုင်ငံရေးဆိုင်ရာပြဿနာများကို တွေ့ဆုံဆွေးနွေးအဖြေရှာခြင်းသည်သာလျှင် မိမိတို့ ပြည်သူတရပ်လုံး ထိခိုက်ဒဏ်ရာရမှု အနည်းဆုံးဖြင့် ၊တိုင်းပြည်၏အနာဂတ်ကို ကောင်းမွန်စွာပုံဖော်နိုင်မည်ဟု လေးလေးနက်နက် ခံယူပါသည်။

သို့သော် နအဖ စစ်အာဏာရှင်များက ပြည်တွင်းအဖွဲ့ချုပ်၏ သဘောထားကြီးစွာ ကမ်းလှမ်းထားသည်ကို လစ်လျူရှု၍ တွေ့ဆုံဆွေးနွေးဖြေရှင်းပြေလည်ရေးဆီသို့မျက်နှာ မမူဘဲလျက် နောင်လာမည့်ရွေးကောက်ပွဲကို တစ်ဖက်သတ် မိမိအစီအစဉ်ဖြင့်ကျင်းပခဲ့လျှင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် ရွှေဂုံတိုင်ကြေငြာစာတမ်းတွင် ဖော်ပြထားသည့်အတိုင်း အဖွဲ့ချုပ်သည် ဒီမိုကရေစီတိုက်ပွဲကို စွန့်ခွါသွားမည်မဟုတ်ဘဲ မည်သည့်အခြေအနေတွင်မဆို ပြည်သူလူထုနှင့်တစ်သားတည်း ရှိနေမည်ဖြစ်ကြောင်း ထုတ်ဖော်ကြေငြာချက်ကို မိမိတို့အနေဖြင့် အလေးအနက်ထားထောက်ခံ ပါကြောင်း အသိပေးလိုပါသည်။ အဖွဲ့ချုပ်၏ စည်းရုံးရေး လုပ်ငန်းအစီရင်ခံစာတွင်ဖော်ပြထားသည်မှာ “ ၁၉၉၆ ခုနှစ်တွင် ဥက္ကဋ္ဌ ဦးအောင်ရွှေနှင့် အထွေထွေအတွင်းရေးမှူးဒေါ်အောင်ဆန်းစုကြည်တို့အား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်–တိုင်း စည်းရုံးရေးအဖွဲ့များ၊ မြို့နယ်စည်းရုံးရေးအဖွဲ့များက မြန်မာနိုင်ငံတွင် စစ်မှန်သော ဒီမိုကရေစီအုပ်ချုပ်ရေးယန္တယား ပေါ်ပေါက်သည့်တိုင်အောင် လုပ်ပိုင်ခွင့်များလုံးဝ လွှဲအပ်ကြောင်း လက်မှတ်ရေးထိုးပေးအပ်ခဲ့ပါသည်။” ဆိုသည့်အချက်ကို မိမိတို့အနေဖြင့် အလေးအနက်ထားပြီး ကြိုတင်ဆောင်ရွက်ဖွယ်ရာ

ကိစ္စရပ်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ရန်လိုအပ်ကြောင်း နိုင်ငံတကာရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်များ၊တိုင်းရင်းသားများ၊ ဒီမိုကရေစီအင်အားစုများ၊ ပြည်သူများအား တိုက်တွန်းအပ်ပါသည်။

မည်သို့ပင် ဖြစ်စေကာမူ မိမိတို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) ဗဟို ဌာနချုပ်နှင့် အဖွဲ့ချုပ် လွတ်မြောက်နယ်မြေ နိုင်ငံတကာဌာနခွဲ များအနေဖြင့် ပြည်တွင်း၌ ဖြစ်တည်နေသော နိုင်ငံရေးအခြေအနေများကို မျက်ခြေမပြတ်စောင့်ကြည့်၍ ပြည်တွင်းအဖွဲ့ချုပ်၏ ခိုင်မာအားကောင်းသောဆုံးဖြတ်ချက်များ ၊လုပ်ငန်းအကောင်အထည်ဖော်ဆောင်မှုများအား အဖက်ဖက်မှ တတ်စွမ်းသ၍ အားပေးကူညီထောက်ခံ သွားမည်ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံနှင့်ပတ်သက်၍ နိုင်ငံတကာ အစိုးရများ၊ သံတမန်များ ၊ပြည်ပရောက်အင်အားစုများအား တတ်နိုင်သမျှ စုစည်း လက်တွဲ အကောင်အထည်ဖော်ဆောင်နိုင်ရန် လိုအပ်သည်များကို ပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်တွင်းနှင့်နိုင်ငံတကာရောက် ပြည်သူများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**လေးစားစွာဖြင့်**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(လွတ်မြောက်နယ်မြေ) ဗဟိုဌာနချုပ်နှင့်
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) ကနေဒါ ဌာနခွဲ၊
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်( လွတ်မြောက်နယ်မြေ) ကိုရီးယားဌာနခွဲ၊
။ ။ ။ ။ ။ ဂျပန်ဌာနခွဲ၊
။ ။ ။ ။ ။ ဩစတြေးလျဌာနခွဲ။
။ ။ ။ ။ ။ မလေးရှားဌာနခွဲ။
။ ။ ။ ။ ။ နော်ဝေဌာနခွဲ၊
။ ။ ။ ။ ။ အင်္ဂလန်ဌာနခွဲ၊
။ ။ ။ ။ ။ အမေရိကန်ဌာနခွဲ။

**ဆက်သွယ်ရန်။**

ဦးမြင့်စိုး (အတွင်းရေးမှူး ဗဟိုဌာနချုပ်) +၆၆–၈၆၂၀–၄၆၀၂၃
ဦးညိုအုံးမြင့် (နိုင်ငံခြားရေး တာဝန်ခံ ဗဟိုဌာနချုပ်) +၆၆–၉၇၀၀–၃၄၃၂
ဦးဘိုသောင်း (ဒု–ဥက္ကဌ နော်ဝေဌာနခွဲ) +၄၇–၉၇၀၇–၂၆၁၁
ဦးသန့်ဇင်ဦး (ဥက္ကဌ ဂျပန်ဌာနခွဲ) +၈၁–၈၀–၅၆၇၄–၁၉၆၀
ဦးအောင်မြင့်ဆွေ (ဥက္ကဌ ကိုရီးယားဌာနခွဲ) +၈၂–၁၀–၈၉၉၃–၃၁၉၄